# ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း

## မိသားစုများ အတွက် ရှင်းလင်းချက်

အမျိုးသမီးဆေးရုံ Royal Women's Hospital သတင်းအချက်အလက်စာရွက် / www.thewomens.org.au

the women's
the royal women's hospital
victoria australia

*ဤသတင်းအချက်အလက်များသည် Royal Women's Hospital အမျိုးသမီးဆေးရုံ တွင် သေဆုံးခဲ့သော ကလေး ၏ မိသားစုများ အတွက် ဖြစ်ပါသည်။ အချို့သော သတင်းအချက်အလက်များသည် မိသားစုများနှင့် အခြားနေရာများတွင် သက်ဆိုင်သော်ငြားလည်း ဆေးရုံများအားလုံးသည် တူညီသောလုပ်နည်းလုပ်ထုံးများကို လိုက်နာဆောင်ရွက်မည်မဟုတ်ပါ။*

## အဘယ်ကြောင့် ကျွန်ုပ်တို့ ရင်ခွဲ စမ်းသပ်စစ်ဆေးရသနည်း။

ရင်ခွဲ စမ်းသပ်စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်သည် သင်၏ကလေး သေဆုံးရခြင်း၏အကြောင်းရင်းကို ဖြစ်နိုင်သမျှ သို့မဟုတ် သင့်အား ပြောခဲ့သော ရောဂါနှင့်စပ်လျဉ်းသည့်အကြောင်းကို ဖြစ်နိုင်သမျှ ရှာဖွေရန်ဖြစ်သည်။ စမ်းသပ်စစ်ဆေးခြင်းတွင် မွေးခင်းစအချိန် ရောဂါရှာဖွေသူ ဟုအမည်ရသော ဆေးပညာအထူးကုဆရာဝန်ကြီး က သင်၏ကလေးအား စိစစ်ခြင်း ပါဝင်ပါသည်။ မွေးခင်းစ အချိန်ရောဂါရှာဖွေသူများ တွင် အထူးသဖြင့် ရင်သွေးငယ်ကလေးများအား ရင်ခွဲ စမ်းသပ်စစ်ဆေးရာတွင် အတွေ့အကြုံများ နှင့် အလေ့အကျင့် များရှိကြပါသည်။ သင်၏ ရင်သွေးငယ်ကလေးအား အမြဲတန်း အထူးဂရုပြု၍ လေးစားသမှုပြုပြီး ကိုင်တွယ် မည် ဖြစ်ပါသည်။

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း မည်သည့်အမျိုးအစား ကိုမျှ သင်၏ခွင့်ပြုချက်မပါရှိလျှင် အမျိုးသမီးဆေးရုံ Royal Women's Hospital တွင်ပြုလုပ်နိုင်မည်မဟုတ်ပါ။ ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း မည်သည့်အမျိုးအစား ကိုမဆို သင့်အနေဖြင့် မလိုလားသည့်တိုင်အောင် သင်၏ဆုံးဖြတ်ချက်ကို ဆေးရုံသဘောတူညီချက်ပေးသည့် ပုံစံတွင် မှတ်တမ်းတင်ထားရပါမည်။

အချို့သော အကြောင်းပတ်ဝန်းကျင် ကိစ္စများတွင် သေဆုံးမှု ကို သေမှုသေခင်းစစ်ဆေးသူ တရားသူကြီးထံသို့ လွှဲပို့ရပါသည်။ ဤကိစ္စတွင် ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်းကို စီစဉ်ရန်သည် သေမှုသေခင်းစစ်ဆေးသူ တရားသူကြီး၏ တာဝန် ဖြစ်ပါသည်။ ဤကိစ္စ သည် အဖြစ်များသောကိစ္စ မဟုတ်ပါ။ ဤကိစ္စပြုလုပ်ခြင်း မပြုမီ အမြဲတန်း သင် နှင့်ဆွေးနွေးပါလိမ့်မည်။

သင်၏ရင်သွေးငယ် ကလေး သေဆုံးပြီး ဖြစ်နိုင်သမျှ စောလျှင်စွာ ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း ကို ဆောင်ရွက်ပါသည်။ သမရိုးကျ အားဖြင့် ဤကိစ္စ ကို အလုပ်လုပ်ရက် တစ်ရက် မှ နှစ်ရက်အတွင်း ဆောင်ရွက်သည်။

## ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း အမျိုးမျိုး

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်းမှ ပေါ်ထွက်လာနိုင်သည့် အကြောင်းအရာအချက်အလက်များမှာ ရွေးချယ်ပြုလုပ်သည့် ရင်ခွဲ စမ်းသပ် စစ်ဆေးခြင်း အမျိုးအစားပေါ်တွင် မူတည်နေပါသည်။

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း အမျိုးအစားများမှာ –

*ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း အပြည့်အစုံ*

မွေးခင်းစအချိန်ရောဂါရှာဖွေသူ သည် သင့်ရင်သွေးငယ်ကလေး၏ ကိုယ်ခန္ဓာ အတွင်းအပြင် တို့ကို ပြီးပြည့်စုံအောင် စမ်းသပ် စစ် ဆေးမှု ပြုပါသည်။ ကိုယ်ခန္ဓာ အတွင်းစစ်ဆေးခြင်းမှာ ခွဲစိတ်ရသည်ဖြစ်ပြီး ရောဂါရှာဖွေခွဲစိတ်သူက သင့်ရင်သွေးငယ်ကလေး၏ ကိုယ်တွင်းအင်္ဂါရပ်များ နှင့် ဦးနှောက် ကို ဂရုစိုက်၍ ဖယ်ရှားထုတ်ယူပါသည်။ ကိုယ်တွင်းအင်္ဂါရပ်များကို (အခြားနည်းဖြင့် သင်ကတောင်းဆိုထားခြင်းမရှိလျှင်) ခန္ဓာကိုယ်တွင်းသို့ပြန်မသွင်းမီ အသေအချာ အသေးစိတ် စစ်ဆေးပါသည်။ သေးငယ်သော တစ်သျှူးစ နမူနာများကို ခွဲခြမ်းစိတ်ဖြာစစ်ဆေးခြင်း နှင့် သိုလှောင်ထားရန် အတွက် ယူငင်ထားပါသည်။ ဤလုပ်ငန်းစဉ်သည် ပြီးပြည့်စုံသော စိစစ်မှု နှင့် အသေးစိတ်အချက်အလက်များကို ပံ့ပိုးပေးပါသည်၊ သို့သော်လည်း ၄င်းသည် သေဆုံးရခြင်း၏ တိတိ ကျကျ အကြောင်းရင်းကို မပံ့ပိုးပေးနိုင်ခြင်းမှာလည်း ဖြစ်နိုင်ပါ သေးသည်။

*အကန့်အသတ်ဖြင့် ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း*

မွေးခင်းစအချိန် ရောဂါရှာဖွေသူ သည် ခန္ဓာကိုယ်ပြင်ပ အပြည့်အစုံ စစ်ဆေးခြင်း နှင့် သီးခြားစိတ်ဝင်စားသည့် ကိုယ်တွင်းအင်္ဂါ နေရာတွင် အကန့်အသတ်ဖြင့် စစ်ဆေးခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ပါသည်။ သင်၏ဆရာဝန် နှင့် ဆွေးနွေးခြင်းဖြင့် မည်သည့် ကိုယ် တွင်းအင်္ဂါအစိတ်အပိုင်းများ ကို စစ်ဆေးရန် သင်က ဆုံးဖြတ်ရပါလိမ့်မည်။ သေးငယ်သော တစ်သျှူးစ နမူနာများကို အနုစိပ် ခွဲခြမ်း စိတ်ဖြာစစ်ဆေးခြင်း နှင့် သိုလှောင်ထားရန် အတွက် ယူငင်ထားပါသည်။

*ခန္ဓာကိုယ် ပြင်ပ ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း*

ခန္ဓာကိုယ် ပြင်ပ အပြည့်အစုံ စစ်ဆေးခြင်း သက်သက်ကို မွေးခင်းစအချိန်ရောဂါ ရှာဖွေသူ က ဆောင်ရွက်သည်။ ခန္ဓာကိုယ်တွင်း အင်္ဂါ စစ်ဆေးခြင်း သို့မဟုတ် တစ်သျှူးနမူနာ ယူငင်ခြင်း တို့ကို မဆောင်ရွက်ပါ။

စစ်ဆေးမှုအမျိုးအစားများအားလုံးမှာ ဓါတ်မှန်များ၊ အမ်အာအိုင် (သံလိုက်ဓာတ်ကို အသုံးပြုပြီးဓါတ်ပုံရိုက်ခြင်း– အသေးစိတ်ရုပ်ပုံ များကိုရိုက်ပေးသည်။) နှင့် ဓါတ်ပုံများ တို့ပါဝင်ကြပါသည်။

*ရင်ခွဲ စမ်းသပ်စစ်ဆေးမှု မဆောင်ရွက်ခြင်း*

ခန္ဓာကိုယ် ပြင်ပ အပြည့်အစုံ စစ်ဆေးခြင်း သက်သက်ကို မွေးခင်းစအချိန်ရောဂါ ရှာဖွေသူ က ဆောင်ရွက်သည်။ ခန္ဓာကိုယ်တွင်း အင်္ဂါ စစ်ဆေးခြင်း သို့မဟုတ် တစ်သျှူးနမူနာ ယူငင်ခြင်း တို့ကို မဆောင်ရွက်ပါ။

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း မှ ရယူနိုင်သည့် အကြောင်းအချက်အလက် အဆင့်အတန်းမှာ စစ်ဆေးမှုကို မည်မျှပြီးပြည့်စုံအောင် ဆောင်ရွက်သည်အပေါ်တွင် မူတည်နေပါသည်၊ ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း အပြည့်အစုံ မှ သတင်း အချက်အလက် အမြောက် အများ ထွက်ပေါ်သည်။

## ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း၏ အားသာချက်များ နှင့် အားနည်းချက်များ

*ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း၏ အားသာချက်များ*

- သေဆုံးရခြင်း၏အကြောင်းရင်းကို ပံ့ပိုးပေးသည် သို့မဟုတ် သေဆုံးရခြင်းအကြောင်းရင်းမှ မည်သည်တို့ကိုဖယ်ရှားရမည်ကို ပံ့ပိုးပေးသည်။
- သင်၏ရင်သွေးငယ် မည်မျှကိုယ်ဝန်အရွယ် ရှိခဲ့သည်ကို အတည်ပြုပေးသည်။
- သင်၏ရင်သွေးငယ် ၏လိင်အမျိုးအစား ကို အတည်ပြုပေးသည်။
- ခန့်မှန်းခြေ သေဆုံးသည့် အချိန်ကို သတ်မှတ်ပေးသည်။
- မျိုးရိုးဗီဇ သို့မဟုတ် ကိုယ်ပိုင်းဆိုင်ရာ ပြဿနာများ တို့၏သက်ရောက်မှု ကို ရှင်းပြပေးသည်။
- နောက်နောင်ဖြစ်လာမည့် ကိုယ်ဝန်အတွက် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ် အလားအလာ နှင့်စပ်လျဉ်းသည့် သတင်းအကြောင်းအရာများကို ဖြန့်ဖြူးပေးသည်။
- သုတေသန ပြုခြင်းမှတဆင့် အနာဂတ်တွင် မိခင်များ နှင့် ကလေးများအား အထောက်အကူပြုစေမည့် သတင်းအကြောင်းအချက်များ ဖြန့်ဖြူးပေးသည်။

*ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း၏ အားနည်းချက်များ*

- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း သည် အမြဲတန်းအနေဖြင့် သေဆုံးရခြင်း၏အကြောင်းရင်းကို တိတိကျကျ ပေးနိုင်မည်မဟုတ်ပါ။
- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်းသည် စစ်ဆေးမှုများကို အထူးသဖြင့် ကိုယ်တွင်းအင်္ဂါရပ်များ နှင့် တစ်သျှူးများကို စစ်ဆေးနေသည့် အတွက် ပြီးဆုံးအောင်အချိန်ယူရသောကြောင့် အသုဘဇာပန ဆောင်ရွက်ရန်အစီအစဉ်ကို ကြန့်ကြာနိုင်ပါသည်။ ဤစစ်ဆေးမှုများကို ပြုလုပ်ရန် သို့မဟုတ် အသုဘဇာပန ကို ကြန့်ကြာအောင်ရွေးချယ်ရန် သို့မဟုတ် ကိုယ်တွင်းအင်္ဂါများ နှင့် တစ်သျှူးများကို နောက်ရက်တွင် မြေမြှုပ်၊ မီးသဂြိုလ် ရန် သင့်အနေဖြင့် ဆုံးဖြတ်ရပါလိမ့်မည်။

- ကိုယ်တွင်းအင်္ဂါ စစ်ဆေးပြီးသည့်အခါ သင်၏ရင်သွေးငယ်တွင် ခွဲစိတ်အရာ ကျန်ရစ်နေပါလိမ့်မည်။ ၎င်းခွဲစိတ်အရာကို ရင်သွေးငယ်အား အဝတ်အစား ဝတ်ပေးပြီးသည့်အခါ မြင်တွေ့နိုင်လိမ့်မည် မဟုတ်ပါ။
- ရင်ခွဲ စမ်းသပ်စစ်ဆေးပြီးသည့်အခါ အချို့သော မိသားစုများသည် မိမိတို့၏ ရင်သွေးငယ်အပေါ်ထားရှိသည့် ခံစားချက်မှာ တမူထူးခြားနေကြောင်း သတိပြုမိကြပါသည်။

## တစ်သျှူးစ များကိုထားသိုခြင်း

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်းမှ ယူငင်ထားသော တစ်သျှူးစ များကို အနည်းဆုံး 23 နှစ် သိုလှောင်ထားရန် ဆေးရုံများအတွက် ဥပဒေအရ သတ်မှတ်ချက် ရှိပါသည်။ ဤအတွက်ကြောင့် နောင်တွင် သင်၏ရင်သွေးငယ် ကလေး၏ ရောဂါဖော်ထုတ်ချက် နှင့် စပ်လျဉ်းသည့် ပေါ်ပေါက်လာသည့် ပြဿနာ တစ်ခုခုကို လိုအပ်လျှင် စုံစမ်းနိုင်ပါသည်။ မွေးခင်းစအချိန် သေဆုံးမှုများကို စုံစမ်းလေ့လာသော သုတေသနပြုသူများအတွက် လည်း သိုလှောင်ထားသည့် တစ်သျှူးစ များကိုအလိုရှိနိုင်ပါသည်။

- သုတေသနပြုသူများ သည် ဆေးရုံ၏ကိုယ်ကျင့်တရားကော်မီတီ၏ ကြိုတင်ခွင့်ပြုချက် မရှိလျှင် တစ်သျှူးစ များကို အသုံးမပြုနိုင်ပါ။
- သုတေသန သည် အနာဂတ် မိခင်များ နှင့် ရင်သွေးငယ် ကလေးများ အတွက် ရောဂါရှာဖွေဖော်ထုတ်ခြင်း နှင့် ကုသခြင်း တို့ကိုအထောက်အကူ ပြုနိုင်ပါသည်။

## သင်၏ ဆုံးဖြတ်ချက်

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း နှင့် ပတ်သက်၍ ဆရာဝန် က သင့်အား ပြောဆိုပါလိမ့်မည်၊ သင့်အနေဖြင့် မေးခွန်းများမေးရန် သို့မဟုတ် သင်၏စိုးရိမ်မကင်းမှုကိုဖွင့်ဟရန် အခွင့်အလမ်းပေးပါလိမ့်မည်။ သဘောတူညီချက်ကို သင့်အနေဖြင့် ပေးရန် သို့မဟုတ် မပေးရန် ဆုံးဖြတ်ချက်မချမီ၊ သင်၏မေးခွန်းများအားလုံးကို ဖြေကြားပေးရန် အရေးကြီးလှပါသည်။

ဤကိစ္စတွင် မှားသည် မှန်သည် ဆိုသည့်ရွေးချယ်မှုမရှိပါ၊ သင်၏ဆုံးဖြတ်ချက်သည် သင်၏ရင်သွေးငယ်ကလေး အသက်အရွယ် သို့မဟုတ် သေဆုံးရခြင်း၏ပတ်ဝန်းကျင် အနေအထား အပေါ် မူတည်ပေလိမ့်မည်။ ၎င်းကိစ္စမှာ သင်၏မိမိကိုယ်ပိုင် တန်ဖိုးထားရာအချက်များနှင့် ဘာသာရေးယုံကြည်သက်ဝင်မှုများအပေါ် လည်းမူတည်ပါလိမ့်မည်။

## ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း ပြီးဆုံးပြီးကာလ

ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း ကို သေဆုံးပြီးနောက် အလုပ်လုပ်ရက် တစ်ရက် မှ နှစ်ရက်အတွင်း သမရိုးကျအားဖြင့် ပြီးဆုံးအောင် ဆောင်ရွက်ပါသည်။ ဆောင်ရွက်ပြီးဆီးသည့်အခါ သင်၏ရင်သွေးငယ်ကလေးကို ဆေးရုံတွင်ဖြစ်စေ၊ သို့မဟုတ် ဇာပနလုပ်ငန်း ဌာနတွင်ဖြစ်စေ သင့်အနေဖြင့် ကြည့်ရှုကိုင်တွယ်နိုင်ပါ သေးသည်။

မွေးခင်းစအချိန် ရောဂါရှာဖွေသူ သည် ရင်ခွဲစစ်ဆေးချက်၏တွေ့ရှိချက် အသေးစိတ်ကို အစီရင်ခံစာ တစ်စောင် ရေးပါလိမ့်မည်။ ဤကိစ္စသည် သမရိုးကျအားဖြင့် ရက်သတ္တပတ် 8 ပတ်မှ 12 ပတ် အတွင်း ပြီးစီးပါသည်။ အကယ်၍ သင်၏ရင်သွေးငယ် ကလေး သည် အမျိုးသမီးဆေးရုံ Royal Women's Hospital တွင်မွေးဖွားလျှင် သို့မဟုတ် မွေးခင်းစအချိန်မလပ်စောင့်ကြပ် နှင့် အထူးစောင့်ရှောက်ရေး လူနာဆောင် တွင်စောင့်ရှောက်ခံနေရလျှင် သင့်အား ရက်ချိန်းပေးပြီး ဆရာဝန်ကြီး (သားဖွားအထူးကု သို့မဟုတ် ကလေးအထူးကု) နှင့် တွေ့ရှိချက်များကို ဆွေးနွေးရန် အခွင့်အလမ်းပေးပါလိမ့်မည်။ နောက်တစ်နည်းအားဖြင့် အစီရင်ခံစာကို သင်၏ကိုယ်ပိုင် သားဖွားအထူးကု သို့မဟုတ် အထွေထွေရောဂါကု ဆရာဝန် ထံသို့ ပို့ပေးပါရန် သင့်အနေဖြင့် တောင်းဆိုနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း သည် သင်၏ရင်သွေးငယ်ကလေး မည်သည့်အတွက်ကြောင့်သေဆုံးရသည့် ပိုမိုသောအကြောင်းများကို ဖြန့်ဖြူးပေးနိုင်သည်။
- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း သည် သင်၏သဘောတူညီ ခွင့်ပြုချက်မရှိဘဲ မဆောင်ရွက်နိုင်ပါ။
- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း နှင့်စပ်လျဉ်းသည့် သင်၏ဆုံးဖြတ်ချက်ကို ဆေးရုံသဘောတူညီချက် ပုံစံတွင် မှတ်တမ်းတင်ထားရပါသည်။
- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း ကို မည်ကဲ့သို့အသေးစိတ် သင်ကဆောင်ရွက်လိုသည်ကို သင်ကဆုံးဖြတ်နိုင်သည်။
- ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း အဖြေရလာဒ် သည် ရက်သတ္တပတ် 8 ပတ် မှ 12 ပတ် ကြာပါသည်။
- ယူငင်ထားသည့် တစ်သျှူးစ များကို အနည်းဆုံး 23 နှစ် သိုလှောင်ထားရပါသည်။

ပိုမိုသော သတင်းအချက်များအတွက်
ဤသတင်းအချက်စာစောင် တွင်ပါရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ သင့်အနေဖြင့် ဆွေးနွေးလိုပါလျှင်၊ Women's သို့ (03) 8345 2000 (စက်ခုလုတ်ခုံ) ကိုဖုံးခေါ်ပြီး၊ သင်၏ပူဆွေးနေချိန်ဆောင်ရွက်ပေးသည့် ဝန်ထမ်း သို့မဟုတ် သင့်အားစောင့် ရှောက်ပေးခဲ့သည့် လူနာဆောင် ၊ နေရာ သို့ ဖုံးကိုလွှဲပေးပါရန် ပြောဆိုပါ။ ရင်ခွဲ စမ်းသပ်စစ်ဆေးခြင်း နှင့် သေမှုသေခင်း စစ်ဆေး သည့်တရားသူကြီး တို့နှင့်စပ်လျဉ်းသည့် အကြောင်းအချက်အလက်များအတွက် ပြည်နယ်သေမှုသေခင်းစစ်ဆေးတရားသူကြီး ရုံး ကို ဖုံးနံပါတ် 1300 309 519 ဖြင့် သင် ဆက်သွယ်နိုင်သည်။၏

အမျိုးသမီး ဆေးရုံသည် ဆေးလိပ်သောက်ခြင်း ကင်းရှင်းသည့် ဆေးရုံ ဖြစ်ပါသည်။ ပိုမိုသောသတင်းအချက်အလက်များ နှင့် အထောက်အပံ့အတွက် www.quit.org.au ကွန်ရက်သို့ သွားရောက်ပါ။

တာဝန်မယူငြင်းဆိုချက်။ အမျိုးသမီးဆေးရုံ Royal Women's Hospital သည် ဤသတင်းအချက်အလက် စာစောင်တွင် သို့မဟုတ် ၎င်းကရည် ညွှန်း ခြင်းအားဖြင့် ပါရှိသည့်သတင်း အချက် သို့မဟုတ် အကြံဉာဏ်အတွက် (သို့မဟုတ် ၎င်းသတင်းအချက် အလက် သို့မဟုတ် အကြံဉာဏ် ကိုအသုံးပြုသည့်အတွက်) မည်သူ တစ်ဦး တစ်ယောက် ကိုမျှ တာဝန်မယူပါ။ ဤသတင်းအချက်အလက်ကိုကျွန်ုပ်တို့ ဖြန့်ဖြူးပေးရခြင်း မှာ အချက် အလက်ကိုရယူသူများက သက်ဆိုင်မှု နှင့် တိကျမှု ကိုစိစစ်ရန် တာဝန် ယူ သည်ဟု နားလည်မှုအပေါ် မူတည်ဖြန့်ဖြူး ပါသည်။ အမျိုးသမီးများ သည် မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ပညာရှင်ဆရာဝန် နှင့် ဆွေးနွေး ကြပါရန် တိုက်တွန်းပါသည်။ သင်၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းမှု များ ရှိလျှင် ကျန်းမာရေးဝန်ဆောင်မှု ဖြန့်ဖြူးသူထံမှ အကြံဉာဏ် ရယူပါ သို့မဟုတ် အကယ်၍သင်သည် အရေးပေါ် စောင့်ရှောက်မှုလိုအပ်လျှင် အနီးဆုံး ဆေးရုံ အရေးပေါ်ဌာန သို့ သင် သွားရောက်ပြသပါ။ © The Royal Women's Hospital အမျိုးသမီးဆေးရုံ မေလ 2008 ခုနှစ်။